**သင်ရိုး ၁၀**

## ဆုံးဖြတ်ချက်ချသည့် နည်းလမ်းများ

https://www.beautifultrouble.org/training/for-trainers

### ခြုံငုံချက်

အဖွဲ့တွင် ပါဝင်သော တစ်ဦးချင်းစီ၏ အတွေ့အကြုံများကို မျှဝေနိုင်စေရန် အထောက်အကူပေးသည့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များထံမှ အကျိုးရလဒ်များကို အဖွဲ့က ရရှိနိုင်ပြီး၊ အဖွဲ့တွင်ရှိသည့် တက်ကြွမှု အတိုင်းအတာကို နားလည်နိုင်ကာ၊ အဖွဲ့ အတွင်းသို့ အပြုသဘောဆောင်သည့် နည်းလမ်းဖြင့် ယူဆောင်လာနိုင်မည် ဖြစ်သည်။

### မိတ်ဆက်

ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ထောက်ပံ့ဆွေးနွေးပေးခြင်းသည် သင်တန်းပို့ချသူတစ်ဦး တည်ဆောက်လေ့ကျင့်ရန် လိုအပ်သည့် အရေးပါသော စွမ်းရည်တစ်ရပ် ဖြစ်သည်။ သင်တန်းတက်ရောက်သည့် အဖွဲ့ အရွယ်အစား ကြီးသည် ဖြစ်စေ၊ သေးငယ်သည် ဖြစ်စေ၊ ၎င်းတို့အား သက်ရောက်မှုရှိသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အဖွဲ့ဝင်များ၏ အမြင်သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်နိုင်မည့် နေရာတစ်ခု ဖန်တီးပေးခြင်းဖြင့် အဆိုပါ လုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည် ဖြစ်သည်။

အားလုံးပါဝင်နိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ကျွန်ုပ်တို့၏ လက်တွေ့ဘဝ အတွေ့အကြုံများ၏ ပြောင်းလဲဖြစ်ပေါ် နေမှုသဘောများကို ထည့်သွင်းစဉ်းစားသကဲ့သို့၊ အားလုံး၏ အကြံဉာဏ်များကို ထည့်ဝင်နိုင်စေရန် အခွင့်အလမ်း ဖန်တီးပေးပါ သည်။ ကျွန်ုပ်တို့အား ဆွေးနွေးမှုများအတိုင်း လက်တွေ့ လုပ်ဆောင်နိုင်စေရန် ဖန်တီးပေးနိုင်သကဲ့သို့၊ ကျွန်ုပ်တို့၏ လှုပ်ရှားဆောင် ရွက်မှုများတွင် ဒီမိုကရေစီ၏ နှုန်းစံတန်ဖိုးများကို ဖော်ပြပေးနိုင်မည် ဖြစ်သည်။

ခိုင်မာအားကောင်းသော ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် အချက်အချို့ကို ထည့်သွင်းစဉ်းစားလေ့ရှိသည်။ ၎င်းတို့မှာ - မည်သည့် ဆုံးဖြတ်ချက် အမျိုးအစားကို ဆုံးဖြတ်ခြင်း ဖြစ်ပါသနည်း။ ဤ ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် မည်သူတို့ ပါဝင်နိုင်ပါသနည်း။ ဤ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို လုပ်ဆောင်နိုင်ရန် အချိန်မည်မျှ လိုအပ်ပါသနည်း။

ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ချဉ်းကပ်နိုင်သည့် နည်းလမ်းအချို့ကို အောက်ဖော်ပြပါ ဇယားတွင် အကျဉ်းချုပ် လေ့လာနိုင်ပါသည်။

| ဆုံးဖြတ်ချက် အမျိုးအစား | ဆုံးဖြတ်ချက်အသွင်သဏ္ဌာန် | အသုံးဝင်သည့် နည်းလမ်းများ |
|---|---|---|
| တစ်ဦးချင်း ဆုံးဖြတ်ချက် | *အဖွဲ့တစ်ခု၏ အဖွဲ့ဝင် ဖြစ်၊ မဖြစ်ကို မိမိအတွက် ကိုယ်တိုင်ဆုံးဖြတ်ချက် ချမှတ်ခြင်း ဖြစ်သည်။* | ကောင်းကျိုး ဆိုးပြစ် ဇယား၊ အရေးကြီးမှု နှိုင်းယှဉ်ပြဇယား |
| အဖွဲ့လိုက် မဟာဗျူဟာ မြောက်ဆုံးဖြတ်ချက် | အကြောင်းကိစ္စတစ်ခုအား ဖြေရှင်းနိုင်ရန်အတွက် အဖွဲ့လိုက် လုပ်ဆောင်နိုင်မည့် လှုပ်ရှားမှု အမျိုးအစားကို အတူတကွ ဆုံးဖြတ်ခြင်း ဖြစ်သည်။ | ရပ်တည်ချက် ဖော်ထုတ်ခြင်း၊ အစက်များဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ တူညီဆန္ဒရယူခြင်း၊ ဆင့်ပွားစုဖွဲ့မှု |
| အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ရသော နည်းဗျူဟာဆိုင်ရာ ဆုံးဖြတ်ချက် | *ဆန္ဒပြမှု တစ်ခုအတွင်း ချက်ချင်း ဆုံးဖြတ်ရခြင်း ဖြစ်သည်။* | လက်သင်္ကေတများ၊ လှည့်လည်မေးမြန်းခြင်း၊ လက်သီးဆုပ်မှ လက်ငါးချောင်းသို့ပြောင်းခြင်း |

စုပေါင်း လုပ်ဆောင်မှု နှင့် စုပေါင်း ခေါင်းဆောင်မှုတို့ကို အားလုံးပါဝင်နိုင်ပြီး၊ တူညီဆန္ဒများပေါ်တွင် အခြေခံသည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းဖြင့် အကောင်းဆုံး အထောက်အကူပြုပေးနိုင်ပါသည်။ ထိုဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ် လျက်ရှိသည့် အဖွဲ့တွင်း မတူကွဲပြားသည့် ဖြစ်ပေါ် ပြောင်းလဲနေမှုများကို သိရှိထားခြင်းသည် အထောက်အကူပြုနိုင်သည်။ သမာရိုးကျ အဆင့်မှ စတင်၍ အတွေးအမြင်သစ်များ ပေါ်ပေါက်လာပြီး ဆွေးနွေးခြင်း၊ တူညီဆန္ဒများ ရယူခြင်း နှင့် အဆုံးသတ် ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်း သို့မဟုတ် လက်တွေ့လုပ်ငန်းစဉ်များ အစီအစဉ်ရေးဆွဲခြင်းတို့အထိ လုပ်ဆောင်နိုင်သည်။ ထိုဆုံး ဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်ကို အားကောင်းခိုင်မာစေခြင်းဖြင့် မတူကွဲပြားသည့် နေရာအား "ရှုပ်ထွေးခက်ခဲ" သည့် နေရာ အဖြစ် မရှုမြင်စေဘဲ ဆုံးဖြတ်ချက် ရရှိနိုင်မည် ဖြစ်သည်။

ရေရှည်တည်တံ့သည့် သဘောတူညီချက်များသည် အလိုအလျောက် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ၊ ရည်ရွယ်ချက်ရှိရှိဖြင့် တည်ဆောက်ယူရသည်။

**အကောင်းဆုံး အလေ့အထများ - ထိရောက်၍ အားလုံးပါတင်နိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် အခြေခံမှုများ**

အားလုံးပါဝင်နိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အထောက်အကူပြုပေးနိုင်ရန်အတွက် သင်တန်းပို့ချသူများအနေဖြင့် အခြေခံမှုအချို့ကို စိပ်စိပ်ပြု နားလည်ထားခြင်းဖြင့် အထောက်အပံ့ပြုပေးနိုင်ပါသည်။

- သဘောတူညီချက်ကို အလေးပေးခြင်း
- ပါဝင်မှုကို ညီတူညီမျှ ဖြစ်စေခြင်း နှင့် သတင်းအချက်အလက်များ တပြေးညီ ရရှိနိုင်ခြင်း
- ကောင်းမွန်သော ထောက်ပံ့ဆွေးနွေးမှု ပေးခြင်း၊ ရှင်းလင်းသော အစီအစဉ်များ နှင့် ပန်းတိုင်များ သတ်မှတ်ခြင်း
- ပိုမိုလုံခြုံပြီး၊ ခိုင်မာအားကောင်းကာ အားလုံးပါဝင်နိုင်သည့် နေရာများဖြစ်လာစေရေးအတွက် စုပေါင်း သဘောတူညီမှုများကို အသုံးပြုခြင်း
- ပြန်လည်သုံးသပ်ချက်များအပေါ် ကတိကဝတ်ခိုင်မာခြင်း

---

## အဓိက သဘောတရားများ

- **အားလုံးပါဝင်နိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း -** *အစုအဖွဲ့လိုက် သို့မဟုတ် စုပေါင်း သဘောတူညီမှုကို စုပေါင်း ဆွေးနွေးခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်းတို့မှ ရရှိလာခြင်းကို ဆိုလိုသည်။*
- **တူညီဆန္ဒရယူခြင်း လုပ်ငန်းစဉ် -** *ပါဝင်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံသည့် တရားဝင် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်ဖြစ်ပြီး၊ ပါဝင်သူအားလုံးက လက်ခံသဘောတူညီနိုင်သည့် ဆုံးဖြတ်ချက်အား စုပေါင်းရယူခြင်းကို ဦးတည်သည်။*

---

ထပ်မံလေ့လာနိုင်သည့် အချက်အလက်များ

- [StarHawk's Guide to Consensus Decision Making]()
- အပြောင်းအလဲအတွက် သင်တန်းမှ **[FREE EBOOK: Leading Groups Online]()** တွင် အခမဲ့ စာအုပ်များ ရယူ၍ လေ့လာနိုင်သည်။
- ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခြင်းအတွက် လမ်းညွှန်ချက်များအား Starhawk ၏ [The Empowerment Manual]() နှင့် ၎င်း၏ သင်တန်းပို့ချသူလက်ဆွဲ [FIVE FOLD PATH OF PRODUCTIVE MEETINGS]() တွင် လေ့လာနိုင်သည်။
- အကျဉ်းချုပ် သဘောတရားများကို ဒေါင်းလုတ်ရယူနိုင်သည့် [Facilitator's Guide to Participatory decision-Making [Third ed.]]() တွင် ဖတ်ရှုနိုင်သည်။

- အစုအဖွဲ့လိုက် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များကို https://communityatwork.com/our-publication တွင် လေ့လာနိုင်သည်။

---

## သင်တန်းတွင်း လုပ်ဆောင်ချက်အစီအစဉ်များ

| လေ့ကျင့်ခန်း | အကြောင်းအရာ | အချိန် | အားစိုက်ရမှု အဆင့် |
|---|---|---|---|
| မြန်ဆန်သော ဆုံးဖြတ်ချက်ချ နိုင်သည့် နည်းလမ်းများ | အစုအဖွဲ့လိုက် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ဒီမိုကရေစီနည်းလမ်းတကျ အထောက်အကူပြု ပေးနိုင်မည့် မြန်ဆန်၍ ပြုလွယ်ပြင်လွယ်ရှိသော နည်းလမ်းများ ဖြစ်သည်။ | ၂-၁၀ မိနစ် | နည်းပါး - မြင့်မား |
| အစက်များဖြင့် ဆုံးဖြတ်ချက် ရယူခြင်း | အရောင်စုံသည့် အစက်များ သို့မဟုတ် မာကာ များဖြင့် ဦးစားပေးရွေးချယ်မှုများကို ဒီမိုကရေစီနည်းကျ လုပ်ဆောင်နိုင်မည့် နည်းလမ်းဖြစ်သည်။ | ၁၅-၄၅ မိနစ် | နည်းပါး - မြင့်မား |
| ဆင့်ပွားစုဖွဲ့မှု | ဦးစားပေး ရွေးချယ်မှုများကို ဒီမိုကရေစီနည်းကျ လုပ်ဆောင်နိုင်မည့် နည်းလမ်းဖြစ်သည်။ | ၁၅ - ၄၅ မိနစ် | အလယ်အလတ် -မြင့်မား |
| ရည်တည်ချက် (သဘောတူသည် + သဘောမတူပါ) | ပါဝင်သူများသည် ၎င်းတို့၏ သဘောထားအမြင်များ အပေါ်တွင် အခြေခံ၍ သတ်မှတ်နေရာများတွင် ၎င်းတို့၏ရပ်တည်ချက် ကို ပြသနိုင်သည်။ | ၄၅ - ၆၀ မိနစ် | မြင့်မား |
| တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း<br>(နောက်ခံ အချက်အလက်များပြ စာတမ်း) | တူညီဆန္ဒအပေါ်တွင် မူတည်၍ ဆုံးဖြတ်ချက် ချမှတ်ခြင်းသည် ဆန်းသစ်မှုအားကောင်းပြီး၊ အစုအဖွဲ့ဝင်များ အားလုံးကြားတွင် သဘောတူညီမှု ရရှိနိုင်မည့် နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ | ၁၅-၄၅ မိနစ် | အလယ်အလတ် |